# Karenni Nationalities Defence Force
# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၂၁ ခုနှစ်၊ နိုဝင်လဘာလ (၆) ရက်နေ့။

ယနေ့ နိုဝင်ဘာလ (၆) ရက်နေ့ ညနေ (၁၇း၄၀) နာရီခန့်၊ ဒီးမော့ဆိုမြို့နယ်၊ ထူလွီးဘီလာကျေးရွာ ခြေရာတော်ဘုရားတောင်အနီးတွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA)၊ KNDF တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်သား (၃) ဦးသေဆုံးခဲ့ပါပြီး (၅) ဦးထိခိုက်ဒဏ်ရာရခဲ့ပါသည်။

ယနေ့ မွန်းတည့်အချိန်တွင် ဖယ်ခုံမြို့နယ်အခြေစိုက်၊ ခမရ (၄၂၁) ကို PDF (ဖယ်ခုံ) နှင့် KNDF ဖယ်ခုံတပ်ရင်းတို့မှ တိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်စစ်ကောင်စီတပ်သား (၃) ဦး သေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီမှ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် ဖယ်ခုံမြို့ပေါ်ရပ်ကွက်မှ နေအိမ်အချို့ထိခိုက်ပျက်စီးခဲ့ပါသည်။

အလားတူ ဖယ်ခုံမြို့နယ် ခေါင်းအိကျေးရွာအုပ်စုတွင် ယနေ့ နှစ်ဖက်ထိတွေ့တိုက်ပွဲများမရှိသော်လည်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ တစ်ဖက်သတ် လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၇၅၅၈၈၄၀၄၁၊ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။